ငွေရောင်အဆင်း ကဲ့သို့သော ဆင်ပြောင်ရတနာ တစီး သည်၊ မြောက် အရပ်မှ လာ၍ မာယာ မိဖုရား၏ လက်ျာ နံ ပါး ကို လှစ်ကာ ဝင်လာသည်ဟု မြင်မက်တော်မူ လေ သည်၊ ဤသို့ အလောင်းတော်မြတ် သန္ဓေ တည်နေသောအခါ စကြာဝဠာ တိုက်တသောင်းသည် ကောင်းကြီး ပြုသကဲ့သို့ ကြီး စွာ သော တုန်လှုပ်ခြင်းဖြစ် ပေါ်လေသတည်း။

ဤမှအစဉ်အတိုင်း ကြီးပွား၍ ဘုရားလောင်း ခုနစ်နှစ်သား အရွယ်သို့ရောက်သောအခါ ခမည်းတော်မင်းမြတ်သည်မှူးမတ် အပေါင်းတို့ကို စည်းဝေးစေ၍ ခုနစ်နှစ်အရွယ် ရှိသောသား ငယ်တို့မည်သည် အဘယ်အမှုအရာကို လွန်စွာ မြတ်နိုးတတ်ပါ သနည်း၊ အဘယ်သို့မိဘများက ချီးမြှောက်သဖြင့် တင့်တယ်ရာ သနည်းဟု မေးတော်မူ၏။ အမတ်တို့ ကလည်း ဤအရွယ်သို့ ရောက်သောမင်းသားတို့မည်သည် ရေပွဲသဘင် ပျော်ရွှင်ခြင်း ကိုအလိုရှိတတ်ပါသည်၊ ဤသို့ချီးမြှင့်ရန် သင့်တော်ပါသည်ဟု လျှောက်ကြကုန်လျှင် ဖခင် မင်းတရားလည်း မြို့ပြုပြင် သော လက်သမားတို့ကိုခေါ်၍ ဤမည်သောဌာန၌ လှပကြီး ကျယ် သောရေကန်ကိုပြုပြင်စီမံကြလကုန်ဟု စေတော်မူ၏။ ထိုလက် သမားတို့သည်း ရေကန်နေရာကို တိုင်းတာကြပြီးသော် ယနေ့ ကား အကာလဖြစ်ခဲ့ပြီ နက်ဖြန် နံနက်မှ ဆက်လက်၍ပြုပြင် ကြကုန်အံ့ဟု အိမ်သို့ပြန်ကြလေ၏။

ထိုအခါ သိကြားမင်းသည် အလောင်းတော် မင်း သား ပျော်ပါးရန် ရေကန်ပြုမည်ကို သိသဖြင့် ဝိသုကြုံနတ်သားအား ခေါ်၍ အချင်းဝိသုကြုံနတ်သား အလောင်းတော် ပျော်ပါးရန် ရေကန်ကိုသင်သွား၍ ဖန်ဆင်းပါချေဟု စေလိုက်သဖြင့် ဝိသုကြုံ နတ်သားသည် လူ့ပြည်သို့ အလျင်အမြန် ဆင်းသက်ခဲ့ပေ၏။ ဝိသုကြုံနတ်သားသည် ညဉ့်သုံးယံအတွင်း၌ အလောင်းတော် ပျော်ပါးရန် ရေကန်ကြီးကို အံ့မခန်းဘွယ်ရာ ထူးဆန်းလှပစွာ ဖန်ဆင်းခဲ့ပြီးနောက် နတ်ပြည်သို့ ပြန်တက်ခဲ့လေ၏။

နံနက်သောကာလ လူတို့မြင်ကြလေသော် ထူးဆန်း အံ့သြ ဘွယ်ရာသော ဤရေကန်သည် ညဉ့်သုံး ယံ အတွင်း အ လို

တော်မူလှာသဖြင့် နှစ်ဖက်သောဆွေတော် မျိုးတော်တို့အလယ် တွင် သားတော်အား ဓိုလ်တထောင် တင်သော လေးတော်ကို အပ်၍ လေးအတတ်ကို ပြစေတော်မူ၏။ ထိုမျှမကသေး မင်း အဆက်ဆက်တို့သော်မှ မတတ်စွမ်းသော အဋ္ဌာရသ တဆယ့် ရှစ်ရပ်သော အတတ်ပညာတို့ကိုလည်း အံ့ဩချီးပ၍မကုန်နိုင် အောင် ပြတော်မူ၏။ မမြင်စဘူးသော ဘုရားလောင်း၏ အတတ် ပညာစွမ်းကိုမြင်ကြရသော မဟာဆွေတော် မျိုးတော် အပေါင်း တို့သည် အလောင်းတော် မင်းသားအား ရိုသေဦးညွှတ်လျက် သား ကောင်း သမီး ကောင်း နှင့် တကွ လက် ဆောင် ပဏ္ဏာ များစွာတို့ကို ပို့ဆက်ကြလေ၏။ ဒေဝဒဟပြည်ကို အစိုးရသော ဘထွေးတော် သုပ္ပဗုဒ္ဓမင်း ကလည်း ဘဒ္ဒ က စ္စာ နာ အ မည် ရှိသော သမီးတော်အား မောင်းမအပေါင်း ခြံရံလျက် ပို့ဆက် လာပေ၏။

ကပိလဝတ်ပြည်သို့ရောက်လျှင် အလောင်းတော် မင်းသား သည် ဘဒ္ဒကစ္စာနာ မင်းသမီးအား ယသော ဓ ရာ ဗိမ္ဗာ ဒေဝီ ဟူသော အမည်ဖြင့် မိဖုရား မြှောက်တော်မူသည်။

ဤသို့ ရွှေနန်း သုံး ဆောင်ဝယ် အ လောင်း တော် သိဒ္ဓတ် မင်းသားသည် နတ်စည်းစိမ် ကဲ့သို့သော မင်း၏ စည်း စိမ် ကို စံစားတော်မူ၍ သက်တော် နှစ်ဆယ့် ရှစ်နှစ်သို့ ရောက် တော် မူ သော အ ခါ ဥယျာဉ် တော် သို့ ထွက် စံ တော် မူ လို သ ဖြင့် မြင်းတော်လေးစီးကသော ဝေဇယန်ရထားဝယ် စီးတော်မူကာ မှူးမတ်အပေါင်း ခြံရံလျက် ထွက်တော်မူ၏။

ထိုအခါ တုသိတာ နတ်ပြည် မှ နတ် အပေါင်း တို့ သည် အလောင်းတော် မင်းသား ရဟန်း ပြုရန် အချိန်တန်ပြီ သတိ

ဘုရားလောင်း၏ ဝတ်လဲတော်ကိုယူ၍ ဗြဟ္မာ့ပြည်၌ ဒုဿ စေတီ တည်၍ ကိုးကွယ်လေသတည်း။

ဘုရားလောင်း ရဟန်းပြုပြီးနောက် ဆန္န အမတ်နှင့် ကဏ္ဍက မြင်းတော်တို့က မပြန်ရပါမည့် အကြောင်း တောင်းပန်သည်ကို နေပြည်တော်ရှိ ခမည်းတော် မယ်တော်တို့ထံ သတင်း စကား ကြားသိရအောင် ပြန်ကြလော့ဟု ချော့မော့ စေလွှတ်သဖြင့် အနောမာ မြစ် တ ဘက် သို့ ရောက် သော်က ဏ္ဍ က မြင်း ကော် သေ၍ တာဝတိံသာ နတ်ပြည်၌ ကဏ္ဍက နတ်သား ဖြစ်လေ၏။ ဆန္နအမတ်လည်း ကဏ္ဍကမြင်းတော်ကို အနောမာ မြစ်သဲခုံ၌ သင်္ဂြိုဟ်ခဲ့ပြီးမှ ကကြိုးတန်ဆာကို ထမ်းလျက် လမ်းတလျှောက် လုံးငိုယိုကာ ပြန် လာ ခဲ့ ၏။ နေ ပြည် တော် သို့ ရောက် သော အခါ ခ မည်း တော် မယ် တော် နှင့် ယ သော် ဓိ ဖု ရား တို့ အား အကြောင်းကို ပြန်ကြား သဖြင့် နန်း သူ နန်း သား အား လုံး တို့သည် အလောင်းတော် မင်းမြတ်ကား ရွှေနန်း စည်း စိမ် နှင့် ငါတို့အားလုံးကို စွန့်ခွါရက် ပေသည်ဟု မြည်တမ်း ငိုယိုကြ လေကုန်သတည်း။

သန်းကောင်ယံသို့ ရောက်သော အခါ ယသလည်း တရေး နိုးလတ်၍ သလွန်ပေါ်မှ ရှုမျှော်၍ ကြည့်သော်စံအိမ်တွင်းရှိအခြွေ အရံအားလုံးတို့အိပ်ကြကုန်၍ တိတ်ဆိတ် ငြိမ်သက် နေသည်ကို တွေ့ရှိရလေသည်။ သူသည်သလွန်ရှေ့တွင် အိပ်မောကျနေသည့် ကချေသည်တို့ကို ထွန်းညှိထားသော မီးတိုင်မှ အလင်းရောင် အောက်တွင်တွေ့မြင်သော် သူ၏စံအိမ်သည် သုသာန်တစပြင်နှင့် တူလှပေသည်ဟု မှတ်ထင်မိတော့သည်။ ကချေသည် တို့ကား အချို့မှာ ဆံပင်များ ဖားလျားဖြန့်ကြဲလျက်၊ အချို့မှာ ပါးစပ်မှ အပုပ်ရည်များ စီးကျလျက်၊ အချို့မှာ ခါးဝတ် ထမီများကျွတ် ပြေလျက် အသီးသီးသော ရုပ် အဆင်း တို့ ကို ရှု မြင် ရ သ ဖြင့် ဤကချေသည်တို့ကား စောစောက ကဲ့သို့ မဟုတ်၊ လှပသော ရုပ်အဆင်းတို့ ကွယ်ပျောက်ခဲ့၍ သူသေတို့နှင့် တူလှပေသည် ဟု တွေးတော ဆင်ခြင်နေမိလေသည်။

ထိုနောက်ယသ၏စိတ်၌ဤကချေသည်တို့သည် တနေ့နေ့တွင် တကယ်ပင်သေကြရပေမည်။ ငါ၏ကိုယ်သည်လည်းသူတို့ကဲ့သို့ပင် တနေ့တွင်မချွတ်မလွဲသေရဦးမည်ပင်ဖြစ်သည်။ ငါကားဤကဲ့သို့ သော စည်းစိမ်တွင် စံစားနေ၍ အကျိုးမရှိ၊ မသေမီ ကုသိုလ် ကောင်းမှုရှာဖွေရန် ရ ဟန်း ပြု တော့ အံ့ ဟု အ ကြံ ဖြစ် ၍ သလွန်ပေါ်မှ ဆင်း ကာ ရွှေ ခြေ နင်း ကို စီး လျက်ထွက်ခဲ့၏။

ထိုအခါ နတ်တို့သည် ယသ၏ကောင်းမှုရှာခြင်း၌ ကူညီလို ကြ၍ စံအိမ်၏တံခါးမကြီးကို တိတ်တဆိတ်လာ၍ ဖွင့်ပေးကြ၏။

ယသလည်း စံအိမ်ပေါ်မှ ဆင်းခဲ့၍ မြို့တံခါးဝဆီသို့ ရောက် သောအခါယခင်နတ်တို့ပင် မြို့တံခါးမကြီးကိုလာ၍ ဖွင့်ပေး ကြ ပြန်၏။

အရှင်ဘုရား၏ ဥပသကာဟု မှတ်တော်မူပါ၊ အရှင်ဘုရား၏ တရားတော်မြတ် အတိုင်း လိုက်နာကျင့်ကြံပါမည် ဟု လျှောက်၏။

ထိုသေဋ္ဌေးကား–ဗုဒ္ဓ ပွင့်တော်မူပြီးနောက် လူယောကျ်ားတို့တွင်ပဌမဦးစွာ သရဏဂုံသုံးပါးနှင့် ငါးပါးသီလတည်မြဲသူဖြစ်သတည်း။

သေဋ္ဌေးသား ယသသည်လည်း ဗုဒ္ဓ၏တရားတော် အဆုံး၌ လူဝတ်နှင့်ပင် ရဟန္တာဖြစ်လေ၏။ ထိုအခါ ဗုဒ္ဓ၏ စိတ်တော်၌ သေဋ္ဌေးလည်း ငါ၏တရားတော်ကို သိခဲ့ပြီ–ယသလည်း ရဟန်းအဖြစ်ကို ရပေပြီ–ငါ၏တန်ခိုးတော်ကို ရုပ်သိမ်းအံ့ဟု ကြံတော်မူသော် အဘ သေဋ္ဌေးနှင့် သား ယသတို့ ဗုဒ္ဓ၏ ရှေ့တော်တွင် တွေ့မြင်ကြရလေ၏။ သေဋ္ဌေးသည် သားယသကို မြင်သော် အားရဝမ်းသာစွာဖြင့်–ချစ်သား၊ သင်၏အမိသည် သင့်ကို မတွေ့၍ ပူပန်ဆင်းရဲခြင်းဖြစ်နေပါသည်။ အိမ်သို့ခဏမျှပြန်ပါဦးဟုဆိုသဖြင့် ယသလည်း ဗုဒ္ဓအားမော်၍ ကြည့်၏။

ထိုအခါ ဗုဒ္ဓက–ဒါယကာသေဋ္ဌေးသင်၏ သားကား ရဟန်းအဖြစ်ကို ရပေပြီ၊ လူတို့ဘောင်တွင် နေရန် မသင့်ပြီဟု မိန့်တော်မူသဖြင့် သေဋ္ဌေးလည်း အားရ ဝမ်းသာလျက် ဗုဒ္ဓနှင့် သား ရဟန်းအား နက်ဖြန်နံနက်၌ နေအိမ်သို့ ဆွမ်းစားကြွတော်မူရန် ပင့်ဘိတ်၍ ပြန်လာခဲ့လေ၏။

နက်ဖြန်နံနက်၌ ဗုဒ္ဓသည် ရှင်ယသနှင့် တကွ သေဋ္ဌေးအိမ်၌ ဆွမ်းဘုဉ်းပေးတော်မူ၍ ဒါနသီလအစရှိသောတရားတော်တို့ကို ဟောကြားတော်မူ၏။ တရားတော်၏ အဆုံး၌ ရှင်ယသ၏ အမိနှင့် အိမ်သားအားလုံးတို့သည် ခပ်သိမ်းသော အပြစ်တို့မှ

မြတ် ကောလိတကို မဟာမောဂ္ဂလာန် ဟူသော အမည်ဖြင့် လက်ဝဲရံ အဂ္ဂသာဝကအရာ ထားတော်မူလေသတည်း။

ဤသို့ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူလျက်ရှိကြောင်းကို ကပိလဝတ်ပြည်မှ ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ကြားသိတော်မူသော် အမတ်တယောက်အား ခေါ်၍-အချင်း အမတ် သားဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ရှိနေပါသည်၊ ခမည်းတော်သည် သားဘုရားကို မတွေ့ရသည်မှာ ကြာမြင့်ခဲ့ပါပြီ၊ ခမည်းတော်မှာလည်း သက်တော် အိုမင်းလှပြီဖြစ်ရာ မသေမီ သားဘုရားကို ဖူးတွေ့လိုပါသည်၊ ပင့်လျှောက်ပါချေဟု မိုလ်အရံတထောင်ဖြင့် ဝန်းရံစေလျက် စေလွှတ်တော်မူ၏။ အမတ်နှင့် မိုလ်အရံတထောင်တို့လည်း ဗုဒ္ဓ၏ ရှေ့မှောက်တော်သို့ ရောက်သောအခါ တရားဟောခိုက်ကြုံ၍ ပရိသတ်အစွန်မှ တရားတော်ကိုနာကြားကြလေရာ တရားတော်အဆုံး၌ ဗုဒ္ဓ၏ထံတော်တွင် ခွင့်ပန်၍ ရဟန်းအဖြစ်ကို ခံယူလိုက်ကြလေသည်။

ယင်းသို့ ရဟန်းသံဃာများ ဖြစ်ကြကုန်သော သုဒ္ဓေါဒနမင်းကြီး စေလွှတ်လိုက်သည့်ကိစ္စကို ခမေ့လျော့နေကြလေ၏။

မင်းကြီးလည်းသွားလေသော အမတ်တို့ ပြန်ချိန်သင့်၍ မပြန်လာကြသော် လိမ္မာသော အမတ်တယောက်ကိုခေါ်ကာ မိုလ်တထောင် ရံလျက် သားဘုရားထံ အပင့် စေလွှတ်ပြန်၏။ ထိုသူတို့လည်း ဗုဒ္ဓထံတော်သို့ ရောက်သော် တရားတော်၌ နှစ်သက်၍ ရဟန်းပြုလိုက်ကြပြန်၏။

ဇနပဒကလျာဏီ မင်းသမီးနှင့် စုံဘက်၍ အိမ်တက် မင်္ဂလာ-ဦးသျှောင်ထုံး မင်္ဂလာ-သင်းကျစ် ဆောင်း မင်္ဂလာ- ထီးမြှောက် မင်္ဂလာ-အိမ်ရှေ့ထီးဆောင်းမင်္ဂလာ ဟူသော မင်္ဂလာငါးဖြာကို တပြိုင်နက် ပြုလုပ်တော်မူ၏။

ထိုအခါ ဗုဒ္ဓလည်း မင်္ဂလာ မကျွေးပ်သို့ ဆွမ်းခံ ကြွတော်မူလာ၍ ထူးမြတ်သော တရားတော်ကို ဟောကြား ပြီးလျှင် ညီတော် နန္ဒမင်းသားအား သပိတ်တော်ကိုကမ်းလျက် ကျောင်းသို့ ပြန်ကြွတော် မူ၏။ နှမတော် ဇနပဒကလျာဏီ သည် မောင်တော် နန္ဒအား ဗုဒ္ဓ ခေါ်ဆောင်သွားသည်ကို မြင်ရသော် စိုးရိမ်ခြင်းပြင်းစွာဖြင့်-မောင်တော်ဘုရား ကြာမြင့်စွာမနေပါနှင့် ခပ်မြန်မြန်ပြန်ခဲ့ပါဟု ကလေးငယ်၏ အသံကဲ့သို့သော အသံဖြင့် အော်ဟစ်၍ မှာလိုက်ရှာလေသည်၊ မင်းနန္ဒ၏ ရင်တွင်း၌ကား နှမတော်၏ မှာကြားသံကို စွဲလန်းခြင်း ပြင်းစွာဖြင့် ဗုဒ္ဓ၏ နောက်တော်မှ သပိတ်ကိုထမ်းကာ လိုက်ပါ လာခဲ့ရ ပေ၏။ ဗုဒ္ဓလည်း ကျောင်းတော်သို့ ရောက်လျှင် မင်းနန္ဒအား ညီတော် နန္ဒ ရဟန်းပြုနိုင်ပါမည်လားဟု မေးသော်၊ နန္ဒမင်းသားလည်း ဗုဒ္ဓအား ကြောက်ရွံ့ရိုသေခြင်း ရှိရကား-မပြုလိုပါဟု မဆိုဝံ့သဖြင့် ပြုပါမည်ဟု လျှောက်လေ၏။ ထိုအခါ-ဗုဒ္ဓသည် ရှင်သာရိပုတြာကို ခေါ်တော်မူ၍ မင်းနန္ဒအား ရဟန်းပြုစေ၏။ ရဟန်းပြု၍ ကာလအတန်ငယ် ကြာသောအခါ မင်းနန္ဒသည် ရဟန္တာ အရှင်မြတ် အဖြစ်သို့ ရောက်ရှိလေ၏။

ထိုနောက် ခုနစ်ရက်မြောက်သောအခါ ရာဟုလာမယ်တော် ယသော်ဓရာဒေဝီသည် သားတော်ကို ဝတ်ကောင်း တန်ဆာ

အား လွဲအပ်တော်မူပါ၊ ကျွန်ုပ်သာလျှင် တပည့်တကာသာဝက အပေါင်းကို ရှေ့ဆောင်ခြင်း ပြုပါအံ့ဟု လျှောက်ထားလေ၏။ ဗုဒ္ဓလည်း ဒေဝဒတ်၏ စကားကို လက်ခံတော်မမူဘဲ ချစ်သား ဒေဝဒတ် ဤအခွင့်ကား သင်တောင်းခံစရာ မဟုတ်၊ သင်၏ ကိုယ်ရေးဖြစ်သော ကုသိုလ် ကောင်းမှုဉ်သာ ဖြစ်မြောက်ရန် အားထုတ် ပါဦးလော့ဟု ဆို၍ ပယ်တော်မူ၏။

ရှင်ဒေဝဒတ်လည်း ထပ်ကာ ထပ်ကာ သုံးကြိမ် တိုင်မျှ လျှောက်ပြန်လေ၏၊ ဗုဒ္ဓလည်း ချစ်သား ဒေဝဒတ်၊ အယုတ် အလတ် အမြတ် အားဖြင့် သုံးပါးရှိကုန်သော သတ္တဝါတို့သည် ငါဘုရားကိုရည်မှန်း၍ သာသနာတော်တွင်းသို့ ဝင်ရောက်လာ ကြပေသည်၊ သူတထူးအား လွဲအပ်ထားခြင်းငှာ မသင့်၊ သင် ကဲ့သို့သော သူကိုမဆိုထားနှင့် ငါ၏ သာဝကကြီးများ ဖြစ်ကြ သော ရှင်သာရိပုတြာနှင့် ရှင်မောဂ္ဂလာန် တို့အားပင် ငါ၏ သံဃာအပေါင်းကို မအပ်နှင်းသေး၊ ချစ်သားဒေဝဒတ် သင်၏ အခွင့်မဟုတ်သည်ကို အလိုမရှိလေနှင့်ဟု မိန့်တော်မူ၏။

ဒေဝဒတ်လည်း ရှင်ဂေါတမသည် ပရိတ်သတ်များအလယ်၌ ငါ့အား ရှက်စဖွယ် ဖြစ်အောင် ရှုတ်ချ၍ ပယ်တော်မူသည်၊ ဆွေမတော် မျိုးမစပ်သော ရှင်သာရိပုတြာနှင့် ရှင်မောဂ္ဂလာန် တို့အားသာ မြှောက်စား ချီးမြှင့်လေသည်၊ ငါကား ယနေ့မှစ၍ ယောက်ဖတော် ဂေါတမ၏ ကောင်းကျိုးကိုမပြု၊ ဖျက်ဆီးတော့ အံ့ဟု ရန်ငြိုး ထား လျက် ဗုဒ္ဓ ထံပါးမှ ထွက်ခွါခဲ့ လေ၏။ ထိုနောက် ဒေဝဒတ်သည် ဤသို့ကြံစည်လေ၏။ အဇာတသတ် မင်းသားသည် ငါဆွဲဆောင်ရာသို့ ပါပေသည်။ ဗုဒ္ဓအား ရန်ပြု ရန် ဤမင်းသား မင်းဖြစ်ပါက လွယ်ကူပေမည်၊ မင်းအဖြစ်ကို

တော်မူကြ၏။ ဒေဝဒတ်လည်း တပည့် သံဃာငယ်တို့အား တနေ့ပတ်လုံး တရားဟောပြီးလျှင် ညအချိန် တိုင်သောအခါ အရှင်သာရိပုတြာအား ငါ့ရှင်သာရိပုတြာ ငါကား တနေ့ပတ်လုံး တရားဟောပြရ၍ ညောင်းညာခဲ့ပြီ၊ တရေးအိပ်ဦးအံ့၊ တပည့်သံဃာများအား သင်တလှည့် ဟောပြပါလေဟု ဆိုကာ အိပ်လေ၏။

သာရိပုတြာ အရှင်မြတ်လည်း ရဟန်းပရိသတ်အား ဗုဒ္ဓ၏ တရားဒေသနာတော်ကို တညပတ်လုံး ဟောကြားတော်မူရာ အရဟတ်ကျင်း၍ အလင်းသို့တိုင်ခဲ့လေ၏။ ရဟန်းငယ် အပေါင်းတို့သည် အရှင်သာရိပုတြာ၏ တရားမြတ်၌ ကောင်းစွာ သိမြင်လာကြပြီးလျှင် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။ ထိုအခါ အရှင်သာရိပုတြာက ဒေဝဒတ်အား ရှင်ဒေဝဒတ်၊ ငါတို့ပြန်ကြ ဟောင့်အံ့၊ ဗုဒ္ဓ၏ တရားကို နှစ်သက်သော သူတို့သည် ဗုဒ္ဓထံသို့ လိုက်ကြပါစေ၊ ရှင်ပင့်တရားကို နှစ်သက်သူတို့လည်း ရှင်ပင့်ထံ၌သာ နေရစ်ပါစေဟုဆို၍ ပြန်ကြွခဲ့လေရာ၊ ဗုဒ္ဓ၏တရားတော်၌ သိမြင်ပြီးဖြစ်ကြသော ရဟန်းငယ်ငါးရာတို့လည်း တပါးမကျန် အရှင်သာရိပုတြာ၏ နောက်တော်သို့ လိုက်ပါခဲ့ကြကုန်၏။

ထိုအခါ ဆရာဒေဝဒတ်သည် တပည့်ပရိသတ်တို့ စွန့်ခွါခဲ့လေသဖြင့် ကြီးစွာသောစိတ်၏ တုန်လှုပ်ခြင်းဖြင့် ရင်မှသွေးအန်သော ဝေဒနာဖြစ်ပေါ်ခဲ့လေ၏။ ဒေဝဒတ်၏ ဝေဒနာသည် တနေ့ထက် တနေ့ လျော့ပါးသည်မရှိ၊ တိုးတက်ဘိစီး၍ နေရကား သူ၏စိတ်တွင်း၌၊ ငါသည် ယခုပြင်းစွာသော ဝေဒနာ ခံစားနေရသည်မှာ မြတ်သော ဗုဒ္ဓအား ပြစ်မှားခဲ့ခြင်းကြောင့်သာလျှင်ဖြစ်ပေသည်၊ ငါ၏ဝေဒနာ ပျောက်ကင်းစေရန် ဗုဒ္ဓ

အား ကန်တော့ ဝန်ချမှသာလျှင် သင့်ပေအံ့ဟု တွေးတောပြီး လျှင်ကျန်ရှိသော ရဟန်း ရှစ်ပါးတို့အား ထမ်းစင်ဖြင့် ဆောင် ယူ၍ ငါ့အား ဗုဒ္ဓထံသို့ပို့ပါဟု စေခိုင်းလေ၏။

ရဟန်းတို့လည်း ဆရာဒေဝဒတ်အား အိပ်ရာညောင်စောင်း ကိုထမ်းစင်ပြု၍ ဗုဒ္ဓထံတော်သို့ ဆောင်ယူခဲ့ကြရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်အနီးရှိ ရေကန်ကြီးသို့ ရောက်လေသော် ဒေဝဒတ်သည်၊ ရေချိုး ဦးအံ့ဟု ဆိုကာ ထမ်းစင်ကို ချစေ၍ ရေကန်တွင်းသို့ ဆင်းလေ၏။

ထိုအခါ၌ မြတ်သော ဗုဒ္ဓအား ကြီးစွာ ပြစ်မှား ခဲ့မိခြင်း တို့ကြောင့် မဟာပထဝီ မြေကြီးသည် ပြင်းစွာမြည်ဟီး တုန်လှုပ် ခြင်း ဖြစ်ပေါ်လာပြီး လျှင် ရေသို့ ဆင်းသက်စ ပြုနေသော ဒေဝဒတ်အား စုတ်မျို လေတော့သတည်း။

ဤသို့ ဒေဝဒတ်အား မြေမျိုသည့် အကြောင်းကို အဇာတ သတ်မင်း သိသော် မိမိ၏ မိုက်မှား မိသော အပြစ်တို့ကြောင့် ကြီးစွာသော တုန်လှုပ်ခြင်း ဖြစ်ပေါ်လာပြီးလျှင် ဆရာဇီဝကနှင့် တိုင်ပင်၍ ဗုဒ္ဓထံပါးသို့ ကပ်ခဲ့ကြလေ၏။ ဗုဒ္ဓလည်း သင့်အပ် သော တရားဒေသနာတော်ကို ဟောကြားတော်မူရာ အဇာ တသတ်မင်းသည် ငါးပါးသော သီလတို့ဖြင့် သရဏဂုံသုံးပါး တည်မြဲလေ၏။

နှင့်တကွ ယခုကြွလာလျက်ရှိနေပြီ၊ နတ်တို့သည် အရှင်မဟာကဿပကြီး ကြွရောက်လာမှ အလောင်းတော်မြတ် မီးစွဲစေသတည်းဟု မိဋ္ဌာန်ကြခြင်းကြောင့် မီးမစွဲနိုင်ခြင်း ဖြစ်သည်ဟု မိန်တော်မူ၏။

အရှင်မဟာ ကဿပကြီး ကြွရောက်လာ၍ အလောင်းတော်မြတ်အား ကန်တော့ ပူဇော်ပြီးသောအခါ အလောင်းတော်ရှိရာ စန္ဒကူးထင်းပုံသည် တစုံတယောက်သော သူမျှ မီးမညှိရဘဲ အလိုအလျောက်ပင် လောင်ကျွမ်းတော်မူသတည်း၊ ကိုယ်တော်အားလုံး မီးကျွမ်းပြီးနောက် နတ်တို့သည် ကောင်းကင်မှနေ၍ ရေအယဉ်ကိုလွှတ်ကာ မီးကိုငြိမ်းသတ်ကြကုန်၏။

မီးငြိမ်းသောအခါ၌ ကိုယ်တော်၏ အသားတော် အရေတော် အရိုးတော်တို့သည် လူသုံးပါးတို့၏ အကျိုးစီးပွားအလို့ငှါ မိဋ္ဌာန်တော်မူခဲ့သည့်အတိုင်း တပေါင်းတစုတည်း မထင်ဘဲ ပုလဲ ငွေဥအသွင်ကဲ့သို့တမျိုး ရွှေစင်ကဲ့သို့တသွယ် ချယားစေ့အဆင်းကဲ့သို့တဖုံ ဓာတ်တော်တို့သည် ရှစ်စိတ် ပမာဏမျှတည်ရှိကြ၏။

စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တဆူဟူ၍ ခုနစ်ဆူသော ဓာတ်တော်တို့သာလျှင် မကွဲမပြားပကတိအတိုင်း တည်ရှိတော်မူ၏။

မလ္လာမင်းတို့လည်း ထိုကြွင်းရစ်သော ဗုဒ္ဓ၏ ဓာတ်တော်အပေါင်းကိုယူ၍ ရွှေအိုး၌ထည့်ပြီးလျှင် ပန်းနံ့သာတို့ဆွတ်ဖျန်းလျက် သင်းချိုင်းတော်ရှိစရပ်သို့ ပင့်ဆောင်ပြီးလျှင် ထူးမြတ်

## လေ့ကျင့်ခန်း ၅

၁။ ။ပဥ္စဝဂ္ဂီတို့အား ဓမ္မစကြာ ဟောကြားတော်မူသော ခုနှစ် သက္ကရာဇ်၊ လနေ့ အချိန်တို့ကို စုံလင်စွာဖော်ပြပါ။

၂။ ။ဗုဒ္ဓထံ၌ ပဌမဦးစွာ ပဉ္စသီလခံယူသော သူ၏အမည်ကို ဖော်ပြပါ၊

၃။ ။အဘယ့်ကြောင့် ငါးပါးသီလဟု ခေါ်ဆိုပါသနည်း။ ငါးပါးသီလမြဲခြင်း၏ အကျိုး၊ ငါးပါးသီလမမြဲခြင်း၏ အပြစ်တို့ကို ဖော်ပြပါ။

၄။ ။ဗုဒ္ဓ၏ လက်ျာရံ၊ လက်ဝဲရံ အဂ္ဂသာဝက နှစ်ပါး၏ ဘွဲ့အမည်တော်များကို ဖော်ပြပါ။

၅။ ။ဗုဒ္ဓသည် သားတော် ရာဟုလာအား မည်သည့် အမွေ တော်ပေးပါသနည်း။

၆။ ။ဗုဒ္ဓသည် ဘယ်အခါ၌ တန်ခိုးပြာဋိဟာ ပြတော်မူပါ သနည်း။

## လေ့ကျင့်ခန်း ၆

၁။ ။ဗုဒ္ဓအား ပြစ်မှား၍ မြေမျိုခံရသော ရဟန်း၏အမည်ကို ဖော်ပြပါ။

၂။ ။ဗုဒ္ဓအား ပြုစုလုပ်ကျွေးနေတော်မူသည့် ရဟန်း၏ အမည် ကို ဖော်ပြပါ။

၃။ ။ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုတော်မူရန် မည်သူလာ၍ တောင်းပန် ပါသနည်း။

